

ရဲရင့်သွေး
သွေးမျိုးဆက်ရဲ့ ခေါ်ဆောင်ရာ
(ကျန်းချန်)
(Chapter 841-855)
စာစဉ် – ၅၇

# အပိုင်း ( 841 )
# ကုန်းမြေတိုက်ကြီးများ ပေါင်းစည်းသွားခြင်း

*

လောကစစ်မြေပြင် ။

လွင့်မျောနေသော ကုန်းမြေတိုက်ကြီး၏ တစ်ဖက်စွန်းဆီမှ ပြင်းထန်သော ပေါက်ကွဲမှုကြီးတစ်ခု စတင်ဖြစ်ပေါ်လာခဲ့သည် ။ ထို ပေါက်ကွဲမှုမှ ဖြစ်ပေါ်လာသော မှိုပွင့်တိမ်တိုက်ကြီးအား ကုန်းမြေတိုက်ကြီး၏ အလွန်ဝေးကွာသော အစွန်အဖျား ဒေသများမှပင် တွေ့မြင်နိုင်ပေသည် ။

လောကစစ်မြေပြင် တစ်ခုလုံးမှာ ပေါက်ကွဲမှုမှ ထွက်ပေါ်လာသော တုန်ခါလှိုင်းများကြောင့် အင်အားကြီး ငလျင်ကြီးတစ်ခု လှုပ်ခပ်သွားပြီး မြင့်မားလှသော တောင်ထွတ်အချို့ပင် ပြိုကျသွားခဲ့၏ ။ လောကစစ်မြေပြင်၏ သုံးပုံတစ်ပုံခန့်မှာ စွမ်းအားမြင့် ဓါတ်ရောင်ခြည်များ သက်ရောက်ခံခဲ့ရသဖြင့် ထိုဒေသရှိ အပင်နှင့် သက်ရှိသတ္တဝါပေါင်းများစွာ သေကြေပျက်စီးသွားပြီး သေဆုံးခြင်းနယ်မြေကြီးတစ်ခုပမာ ပြောင်းလဲသွားပြီ ဖြစ်သည် ။

သို့သော် ဆိုးဝါးသော အခြေအနေမှာ ထိုမျှနှင့် မပြီးဆုံးသေးပေ ။ နာရီအနည်းငယ်ကြာပြီးနောက် လောကစစ်မြေပြင်၏ အခြားအစွန်းတစ်ဖက်စီမှ ပြင်းထန်လှသော ပေါက်ကွဲမှုကြီးတစ်ခု ထပ်မံထွက်ပေါ်လာခဲ့ပြန်သည် ။

နောက်ဆက်တွဲဖြစ်စဉ်များမှာမူ ယခင်နည်းအတိုင်းပင် ။ ငလျင်ကြီးများ လှုပ်ခတ်လာသလို ပြင်းထန်ဓါတ်ရောင်ခြင်များ ထွက်ပေါ်လာပြီး သက်ရှိ

ပေါင်းများစွာ သေကြေပျက်စီးသွားကြ၏ ။

နာရီအနည်းငယ် ကြာပြီးနောက် နောက်တစ်ကြိမ် ပေါက်ကွဲမှုကြီး ဖြစ်ပေါ်လာပြီး လောကစစ်မြေပြင်တစ်ခုလုံး ထပ်မံ တုန်လှုပ်သွားခဲ့ပြန်သည် ။ ဖြစ်စဉ်မှာ နာရီအနည်းငယ် ကြာမြင့်လာတိုင်း ပေါက်ကွဲမှုတစ်ကြိမ် ဖြစ်ပေါ်လာနေပြီး လောကစစ်မြေပြင်တစ်ခုလုံး အဆုံးသတ် နေ့ရက်တစ်ခုသို့ ရောက်ရှိသွားသည့်ပမာ ထင်မှတ်ရ၏ ။

စိမ်းစိုလန်းဆန်းနေခဲ့သော လွင့်မျောကုန်းမြေတိုက်ကြီးမှာ ငရဲခန်းတစ်ခုပမာ ပြောင်းလဲသွားပြီး ချော်ရည်များ ၊ ဖုန်မှုန့်တိမ်တိုက်ကြီးများ ၊ မီးလောင်ပြင်များဖြင့် လုံး၀ ရုပ်ဆိုးအကျည်းတန်သွားတော့သည် ။ ကံကောင်းထောက်မစွာပင် ကျန်းချန်နှင့်အဖွဲ့ ထွက်ခွါသွားပြီးမှ ထို အဖြစ်အပျက်ကြီး စတင်လာခဲ့ခြင်းဖြစ်၏ ။ ထိုသို့မဟုတ်ပါက ကျန်းချန်ကဲ့သို့ ကနဦးနတ်ဘုရားအဆင့်လေးမှာ လောကစစ်မြေပြင်၏ ကြောက်မက်ဖွယ် အပြောင်းအလဲအောက်တွင် အသက်ရှင် ကျန်ရစ်နိုင်ရန် မသေချာလှချေ ။

မည်သို့သော စွမ်းအားမျိုးက လောကစစ်မြေပြင်ကြီးအား ထိုသို့ ဖျက်ဆီးပစ်ခဲ့ပါသနည်း ။

လောကစစ်မြေပြင်မှာ ကိုယ်ပိုင် ဥပဒေသစည်းမျဉ်းများ တည်ရှိနေပြီ ဖြစ်ရာ ထိုသို့ ပြင်းထန်လှသော ပျက်စီးမှုများအား အဘယ့်ကြောင့် လက်ခံခဲ့ပါသနည်း ။

ထိုသည်က လောကတစ်ခုလုံး ပျက်သုဉ်းသွားတော့မည့်ပမာ အရာအားလုံး ဖျက်ဆီးပစ်နိုင်သည့် ကပ်ဘေးကြီး တစ်ခု ဖြစ်သည် ။

လောကစစ်မြေပြင်၏ ဖြစ်တည်မှုမှာ ကနဦးတိုးတက်ဆဲ အခြေအနေတွင် တည်ရှိနေသဖြင့် ပြင်းပြင်းထန်ထန် ထိခိုက်မှုများအပေါ် ကန့်သတ်ထား

မည်ဖြစ်သည် ။

သို့သော် အဘယ့်ကြောင့် ထိုမျှ ဆိုးဆိုးရွားရွား ကပ်ဘေးကြီးတစ်ခု စတင်လာစေခဲ့သနည်း ။

အမှန်တကယ်တမ်းတွင် လောကစစ်မြေပြင်မှာ ၎င်း၏ တိုးတက်မှုဖြစ်စဉ်အား ပိုမိုမြင့်တက်လာစေရန် အခြား လွင့်မျောကုန်းမြေတိုက်ကြီးများနှင့် ပေါင်းစပ်လိုက်ခြင်းပင် ။ ထို လောကနှစ်ခုကြား ဟင်းလင်းပြင်ထဲ၌ လောကစစ်မြေပြင်ကဲ့သို့ အခြား အမည်မသိ လွင့်မျောကုန်းမြေတိုက်ကြီးများ တည်ရှိနေပြီး ၎င်းတို့အားလုံးမှာ ဖြစ်တည်မှု ဇစ်မြစ်တစ်ခုထဲမှ ဆင်းသက်လာခြင်း ဖြစ်သည် ။

လွင့်မျောကုန်းမြေတိုက်ကြီးများ ပေါင်းစပ်ရာမှတဆင့် လောကစစ်မြေပြင်၏ ဧရိယာမှာ ပိုမိုကျယ်ဝန်းလာခဲ့သည် ။ သို့သော် ကုန်းမြေတိုက်ကြီးများ ထိတွေ့ရာမှ ပြင်းထန်လှသော ပေါက်ကွဲမှုများ ဖြစ်ပေါ်လာပြီး ပျက်စီးမှု ကပ်ဘေးကြီးတစ်ခုလည်း တစ်ပြိုင်နက်ထဲ ဖြစ်ပေါ်လာခဲ့သည် ။

သို့သော် ကပ်ဘေး၏ နောက်ဆက်တွဲအနေဖြင့် သက်ရှိပေါင်းများစွာ သေကြေပျက်စီးသွားခဲ့သော်လည်း အချို့သော အပင်နှင့် သက်ရှိများမှာမူ ဓါတ်ရောင်ခြည်သင့်မှုမှတဆင့် မျိုးဗီဇပြောင်းလဲမှုများ ဖြစ်ပေါ်လာပြီး ပိုမိုသန်မာလာကြမည် ဖြစ်သည် ။

မည်သို့ပင်ဖြစ်စေ လောကစစ်မြေပြင်၏ အပြောင်းအလဲမှာ အလွန်အရေးပါလှပြီး လွင့်မျောကုန်းမြေကြီးများ စုပေါင်းသွားမှုမှ တဆင့် ပိုမိုခိုင်မာသော ဥပဒေသများကို ဖြစ်ပေါ်လာစေခဲ့သည် ။

တစ်ချိန်ထဲမှာပင် လောကစစ်မြေပြင်သို့ ပေါင်းစပ်လာသော လွင့်မျောကုန်းမြေကြီးများထဲမှ တစ်ခုဖြစ်သည့် အဖြူရောင်ကုန်းမြေတိုက်ကြီးတစ်ခု

ပေါ်တွင် နတ်ဆိုးဆန်ဆန် လှပချောမောနေသော အမျိုးသမီးတစ်ဦးက မီးတောင်ချော်ရည်အိုင်ကြီး တစ်ခုထဲမှ ပျံသန်းထွက်ပေါ်လာခဲ့သည် ။

အမျိုးသမီးမှာ သူမနောက်ကျောမှ အတောင်ပံများအား တစ်ဖျတ်ဖျတ် ခတ်လိုက်ရင်း ပြောင်းလဲသွားသော ကုန်းမြေတိုက်ကြီးအား ဇဝေဇဝါဖြင့် အကဲခတ်နေလျက် ရှိ၏ ။ ရှည်လျားလှသော အဖြူရောင် အတောင်ပံများ မှာ ထူးထူးခြားခြားပင် လှပလွန်းနေပြီး ကောင်းကင်ဘုံမှ ဆင်းသက်လာ သော နတ်မိမယ် အလား ထင်မှတ်ရ၏ ။

အထူးခြားဆုံးမှာ အမျိုးသမီး၏ တောက်ပစူးရှနေသော ခရမ်းရောင် မျက်လုံးများ ဖြစ်သည် ။ ထို မျက်ဝန်းအစုံမှာ သေခြင်းအား ခေါ်ဆောင်လာ သော မရဏနတ်ဘုရား၏ အငွေ့အသက်များ ပါဝင်နေသလို အနန္တအသက် စက်ဝန်းအား ချိုးဖျက်ကာ ထွက်ပေါ်လာသည့် ပြန်လည်ရှင်သန်ခြင်း နတ် ဘုရားကဲ့သို့ အရောင်အဝါများပါ ထုံမွှမ်းနေလျက် ရှိ၏ ။

အမျိုးသမီးမှာ သူမ နောက်ဘက်မှ ဧရာမမီးတောင်ကြီးထံ တစ်ချက်မော့ ကြည့်လိုက်ရင်း ခေတ္တတွေဝေသွားပြီး တီးတိုး ရေရွတ်လိုက်သည် ။

" ငါ ... ဒီ နေရာက ထွက်သွားသင့်ပြီလား ... ဒါပေမယ့် ဒီ နယ်မြေက ဘယ်လိုဖြစ်ပြီး အကြီးအကျယ် ပြောင်းလဲသွားရတာလဲ ...? "

အမျိုးသမီးမှာ မီးတောင်ကြီး ပတ်လည်သို့ လှည့်ပတ်ပျံသန်းကာ စစ်ဆေးကြည့်လိုက်၏ ။ အဝေးမှ မြင်ကွင်းတစ်ခုလုံးမှာ မှုန်ဝါးနေပြီး ပြင်းထန်လွန်းသော စွမ်းအင်အငွေ့အသက်များ လေထုအနှံ့ ပြန့်လွင့် နေလျက်ရှိ၏ ။

" ဒီ နယ်မြေထဲမှာ စစ်ပွဲကြီး ဖြစ်သွားတာလား ...? "

အမျိုးသမီးမှာ မျက်မှောင်ကြုတ်လိုက်ရင်း အတော်ဝေးဝေးအထိ

ဆက်လက် ပျံသန်းသွားလိုက်၏။

"အမ် ... လောကဥပဒေသတွေ သက်ရောက်နေပြီပဲ ... ဒီနယ်မြေက ဆင့်ကဲတိုးတက်သွားတာ ဖြစ်နိုင်တယ် ... "

အပျက်အစီးတောအုပ်တစ်ခုထဲသို့ ဆင်းသက်လိုက်ပြီးနောက် အခြေအနေအား စစ်ဆေးကြည့်လိုက်၏ ။ တောအုပ်အစွန်းဘက်ပိုင်းမှာ မိးကျွမ်းနေပြီး အလယ်ဧရိယာတွင်မူ ကြီးမားလှသော စွပ်ကြောင်းရာကြီး တစ်ခု ရှိနေသည်။ စွပ်ကြောင်းရာကြီး၏ အဆုံးတွင်မူ ကြီးမားလှသော ကျောက်တောင်ကြီးတစ်ခု ရှိနေ၏ ။

အဝေးတစ်နေရာမှ ကျောက်တောင် ထိပ်ဖျားပိုင်းတစ်ခုမှာ ရုတ်တရက် ကျိုးပဲ့သွားပြီး တောအုပ်ဆီသို့ ကျရောက်လာခဲ့ခြင်း ဖြစ်ပုံရ၏ ။ သို့သော် အနီးနား ပတ်ဝန်းကျင်၌ မည်သည့် ကျောက်တောင်မျှ ရှိမနေချေ ။ ထိုသည်က အတော်ဝေးဝေးနေရာမှ လွင့်စင်ထွက်လာခြင်းသာ ဖြစ်ပေလိမ့်မည်။ ကျောက်တောင်ကြီးတစ်ခု မိုင်ပေါင်းများစွာ လွင့်ထွက်လာအောင် မည်မျှ ပြင်းထန်သော ထိခိုက်မှုကြီး ဖြစ်ပေါ်ခဲ့ပါသနည်း ။

ထိုသည်က လွင့်မျောနေသော ကုန်းမြေကြီးနှင့် ထုထည်တူညီသော အခြားအရာတစ်ခုခု ဝင်ရောက်ထိခိုက်မိမှသာ ထိုမျှ ပြင်းထန်သည့် သက်ရောက်မှုမျိုး ဖြစ်ပေါ်လာပေလိမ့်မည် ။ အမျိုးသမီးမှာ အခြေအနေ တစ်ခုလုံးအား ဆက်စပ်တွေးကြည့်လိုက်ပြီးနောက် သက်ပြင်းချကာ ရေရွတ်လိုက်၏ ။

"ကြည့်ရတာ ဒီ နယ်မြေက တစ်ခုခု ကြီးကြီးမားမား ပြောင်းလဲသွားခဲ့ပုံပဲ ... ပြောင်းလဲမှုတွေ ဖြစ်လာရင် မသိနိုင်တဲ့ အန္တရာယ်တွေပါ လိုက်ပါလာနိုင်တယ် ... ငါ ဒီက ထွက်သွားမှ ဖြစ်တော့မယ် ... "

ထို့နောက် အမျိုးသမီး၏ လှပလွန်းသည့် ခရမ်းရောင် မျက်ဝန်းများမှာ

အနည်းငယ် မှုန်ရီသွားပြီး အဝေးတစ်နေရာဆီသို့ ငေးမောကာ တိတ်တဆိတ် ရေရွတ်လိုက်၏။

" ပြီးတော့ ကျန်းချန်ကို ငါ အရမ်းသတိရနေပြီ ... သူ အခု ဘာတွေများ လုပ်နေမလဲ မသိဘူး ... "

ထို အမျိုးသမီးမှာ အခြားသူ မဟုတ်ပေ။ ဇီလန်း ၊ နတ်ဘုရားမ ယူယိုယို တို့နှင့်အတူ စွမ်းအင်လှိုပေါက်ထဲသို့ ဝင်ရောက် စူးစမ်းခဲ့ပြီးနောက် တစ်ဦး ထဲ ကျန်နေရစ်ခဲ့သော ရုပ်သေးအမျိုးသမီးပင် ။

ရုပ်သေးအမျိုးသမီး ဟန်နာမှာ လွင့်မျောကုန်းမြေကြီး၌ ကျန်နေရစ်ကာ သူမကိုယ်သူမ ပြောင်းလဲပစ်နိုင်မည့် အခွင့်အရေးအား ရှာဖွေနေခဲ့ပြီး နောက် ကံကောင်း ထောက်မစွာပင် ထူးခြားလှသော အသက်စွမ်းအင် အရင်းအမြစ်တစ်ခုအား တွေ့ရှိသွားခဲ့သည် ။

သူမ ရောက်ရှိလာခဲ့သည့် ကုန်းမြေတိုက်ကြီးမှာ အလွန်များပြားသော အသက်စွမ်းအင်များဖြင့် ပြည့်နှက်နေခဲ့သည့်အတွက် ဟန်နာမှာ ထို စွမ်းအင်၏ အရင်းအမြစ်အား ရှာဖွေလိုခဲ့ခြင်း ဖြစ်သည် ။ နတ်ဘုရားမ ယူယိုယို သူမ ရုပ်သေးခန္ဓာကိုယ်အား ပြုပြင်ပေးခဲ့စဉ်က အလောင်းရုပ်သေး များ၏ သမရိုးကျ ဖြစ်စဉ်အချို့အား ရှင်းပြပေးခဲ့ဖူး၏ ။

ထိုသည်က အလောင်းရုပ်သေးများမှာ နှစ်ပေါင်းများစွာ ဆက်လက် တည်ရှိနေသည့်တိုင်အောင် ၎င်းတို့၏ ဝိညာဉ်မှာမူ တဖြည်းဖြည်း ခမ်း ခြောက်ပျက်စီးသွားမည်ဖြစ်ကြောင်း သတိပေးလာခဲ့ခြင်း ဖြစ်သည် ။ ထို့ အပြင် အလောင်းရုပ်သေးများ၏ တည်ရှိနေမှုမှာ သက်ရှိများနှင့် မတူညီဘဲ စက်ယန္တယားတစ်ခု လည်ပတ်နေသကဲ့သို့သာ ဖြစ်သည့်အတွက် ဟန် နာသာ သူမကိုယ်သူမ ပြောင်းလဲလိုပါက အသက်စွမ်းအင် အရင်းအမြစ် တစ်ခုအား သူမ ရုပ်သေးခန္ဓာကိုယ်ထဲသို့ ပေါင်းထည့်ကာ လုံးဝ ပေါင်းစပ်

သွားသည်အထိ သန့်စင်ပေးရမည် ဖြစ်သည် ။

ဖန်တီးခြင်းလောကကြီး၌ အသက်စွမ်းအင် အရင်းအမြစ်ပေါင်း များစွာ တည်ရှိနေသော်လည်း ထိုသည့်က ဟန်နာ၏ ရုပ်သေးခန္ဓာအား အပြည့်အဝ ပြောင်းလဲသွားရန် မလုံလောက်ခဲ့ပေ ။ အဘယ့်ကြောင့်ဆိုသော် သန့်စင်လှသော အသက်စွမ်းအင် အရင်းအမြစ်များမှာ အလွန်အင်မတန် ရှားပါးလှသောကြောင့် ဖြစ်သည် ။

နတ်ဘုရားမ ယူယိုယိုက ဇီလန်း၏ ထူးခြားလှသော အသက်စွမ်းအင် အရင်းအမြစ် အချို့အား အသုံးပြုကာ ဟန်နာ၏ မပြည့်စုံသော တစ်ဝက်တစ်ပျက် ရုပ်သေးခန္ဓာကိုယ်အား ထပ်မံ အဆင့်မြှင့်တင် ပေးခဲ့၏ ။ သို့သော် ဇီလန်း ပိုင်ဆိုင်ထားသော အသက်စွမ်းအင်များမှာ အကန့်အသတ်ရှိသဖြင့် ဟန်နာအား ပြီးပြည့်စုံအောင် ပြောင်းလဲသွားရန် မလုံလောက်ခဲ့ချေ ။

ကံကောင်းသည့်အချက်မှာ စွမ်းအင်လျှိုပေါက်ထဲသို့ ဝင်ရောက်ကာ စူးစမ်းလေ့လာရင်းမှ ထူးဆန်းသော ကုန်းမြေတိုက်ကြီးထံ ရောက်ရှိလာပြီး သူမ လိုအပ်နေသော အသက်စွမ်းအင် အရင်းအမြစ်အား ရှာဖွေတွေ့ရှိခဲ့ခြင်းပင် ။ ဟန်နာမှာ ဇီလန်းတို့နှင့် ပြန်မလိုက်တော့ဘဲ သူမကိုယ်သူမ ပြီးပြည့်စုံစွာ ပြောင်းလဲနိုင်ရန် ဆုံးဖြတ်ခဲ့ပြီး လွင့်မျောကုန်းမြေကြီး၌သာ ဆက်လက်နေထိုင် နေခဲ့ခြင်းဖြစ်သည် ။

လက်ရှိအချိန်တွင်မူ ဟန်နာ၏ ပြောင်းလဲမှုဖြစ်စဉ်မှာ လုံးဝ ပြီးပြည့်စုံသွားသည့်အပြင် အထူးစွမ်းရည်တစ်ခုကိုပါ ပိုင်ဆိုင်လာခဲ့ပြီ ဖြစ်သည် ။ ဟန်နာ၏ ခန္ဓာကိုယ်ဖွဲ့စည်းပုံမှာ မီးတောင်ကြီး၏ အောက်ခြေ၌ ရှိနေသည့် အဆက်မပြတ် တောက်လောင်နေသော အသက်စွမ်းအင် အရင်းအမြစ်ကြောင့် လုံးဝ ပြောင်းလဲသွားခဲ့ပြီ ဖြစ်သည်။ သူမ၏ အတောင်ပံများမှာ

နှင်းကဲ့သို့ ဖြူဆွတ်သွားခဲ့သလို ဦးခေါင်းထက်မှ နတ်ဆိုးဦးချိုမှာလည်း တဖြည်းဖြည်း သေးငယ်သွားပြီး ပြောင်းလဲမှု ပြည့်စုံသွားချိန်တွင်မူ လုံးဝ ကြွေကျသွားခဲ့၏ ။

လက်ရှိ ဟန်နာ၏ ရုပ်သေးခန္ဓာကိုယ်မှာ ယခင်ကကဲ့သို့ နတ်ဆိုး အသွင်အပြင် မရှိတော့ချေ ။ ထိုသည်က ပြီးပြည့်စုံသော အသွင်ပြောင်းလဲမှု တစ်ခု ဖြစ်သည် ။ ဆိုလိုသည်က ဟန်နာ၏ အသွင်ပြောင်းလဲမှု ဖြစ်စဉ်မှာ သေဆုံးနေသော အလောင်းကောင်အဖြစ်မှ အသက်ဓါတ်များ ပြည့်ဝနေသည့် သက်ရှိခန္ဓာကိုယ် တစ်ခုအဖြစ် ပြန်လည် မွေးဖွားလာစေခဲ့ခြင်း ဖြစ်သည် ။

လွင့်မျောကုန်မြေကြီး၌ သူမ ကျန်နေရစ်ခဲ့ခြင်းမှာ သူမ ရုပ်သေးခန္ဓာအား ပြီးပြည့်စုံစွာ ပြောင်းလဲနိုင်ရန် ဖြစ်သည် ။ ယခုအချိန်၌မူ သူမ၏ ရည်ရွယ်ချက် ပြီးမြောက်သွားပြီ ဖြစ်သည့်အတွက် ဤနေရာကြီးမှ စွန့်ခွာရန် အချိန်ကျလာခဲ့ပြီ ဖြစ်၏ ။ သို့သော် မထင်မှတ်ထားစွာပင် လွင့်မျောကုန်းမြေကြီးမှာ ရုတ်တရက် အကြီးအကျယ် ပြောင်းလဲသွားသဖြင့် ဟန်နာ တစ်ယောက် အခက်တွေ့သွားတော့သည် ။

" ဒီနေရာကနေ ထွက်သွားနိုင်မယ့် လမ်းကြောင်းတစ်ခုကို အမြန်ဆုံး ရှာဖွေရမယ် ... "

ဟန်နာမှာ ပတ်ဝန်းကျင်အား လှည့်ပတ် အကဲခတ်လိုက်ပြီးနောက် ပြင်းထန်လှသော စွမ်းအင်လှိုင်းများ ထွက်ပေါ်နေသည့် အရပ်မျက်နှာဆီသို့ ဦးတည် ပျံသန်းသွားတော့သည် ။

***